KACHIN DEMOCRATIC PARTY (KDP)

ကချင်ဒီမိုကရက်တစ်ပါတီ

LNUDP

KACHIN STATE DEMOCRACY PARTY

KNC

## နိုင်ငံတကာအဖွဲ့အစည်းများမှဦးဆောင်ပြီး အထက်ဧရာဝတီမြစ်ညာမြစ်ဝှမ်းဒေသတွင် ရေအားလျှပ်စစ်ကဏ္ဍ အတွက် မူဝါဒလေ့လာဆန်းစစ်မှုအပေါ် ကချင်နိုင်ငံရေးပါတီများညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ သဘောထားထုတ်ပြန်ချက် ( ၂ / ၂၀၁၈)

ရက်စွဲ။ ။ ၀၅၊ ၀၁၊ ၂၀၁၈

၁။ ပြည်တွင်းစစ်ပြင်းထန်နေသော ကချင်ပြည်နယ်တွင် နိုင်ငံတကာအဖွဲ့အစည်းများမှ အကြီးစားစွမ်းအင် ထုတ်လုပ်မှုစီမံကိန်းကိုရည်ရွယ်သည့် မဟာဗျူဟာမြောက်လေ့လာဆန်းစစ်ရေးအဖွဲ့အား KPCC မှပြင်းထန်စွာ ကန့်ကွက်သည်။

၂။ လက်ရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့်လူမှုရေးဆိုင်ရာ ဆန်းစစ်လေ့လာမှုလုပ်ငန်းကို နိုင်ငံတကာအဖွဲ့ အစည်းများ နှင့်ဗဟိုအစိုးရတို့မှ တဖက်သပ်လုပ်ဆောင်နေခြင်းသည် လွဲမှားနေသောလုပ်ရပ်ဖြစ်သည်။

၃။ ကချင်ပြည်နယ်အတွင်းရှိ လျှပ်စစ်စွမ်းအင်နှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံကိန်းများတွင် ဒေသခံဌါနေ တိုင်းရင်းသားများ၏ ပိုင်ဆိုင်ခွင့် ၊ ဆုံးဖြတ်ခွင့်နှင့်စီမံခန့်ခွဲခွင့်တို့ကို လုပ်ငန်းအကောင်အထည်ဖေါ်မှုအဆင့်ဆင့် ပါဝင်စေရမည်။

၄။ စစ်မြေတလင်းတွင် အကြီးစားစီမံကိန်းကိုထောက်ပံ့မည့်အစား စစ်ပြေးဒုက္ခသည် (IDPs)များကိုကူညီခြင်း နှင့် နိုင်ငံရေးဆွေးနွေးပွဲများဖြင့် ငြိမ်းချမ်းစွာဖြေရှင်းခြင်းကို ဦးစားပေးဆောင်ရွက်ရန် တိုက်တွန်းသည်။

ဦးဆောင်မှုကော်မတီ

ကချင်နိုင်ငံရေးပါတီများညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးကော်မတီ

**<u>လိုအပ်ပါက ဆက်သွယ်ရန်</u>**

၁။ ဂျော်ဆန်းနော် (KDP) ၀၉၇၉၃၆၀၈၈၉၃

၂။ တူးဂျော် (KSDP) ၀၉၄၇၀၂၀၀၈၇

၃။ ဂျီးလန်းယော် (KNC) ၀၉၄၀၂၇၆၃၀၁၈

၄။ ဒေါက်တာ ဒေါင်ခမ်း (LNUDP) ၀၉၇၈၄၂၀၀၇၆၉